**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**
**ယဉ်ကျေးမှုတက္ကသိုလ်ဥပဒေ**
**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၇ / ၉၃)**
**၁၃၅၅ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၄ ရက်**
**(၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ယဉ်ကျေးမှုတက္ကသိုလ်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(က) **တက္ကသိုလ်** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ယဉ်ကျေးမှု တက္ကသိုလ်ကို ဆိုသည်၊

(ခ) **ကောင်စီ** ဆိုသည်မှာ တက္ကသိုလ်၏လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန် ဤဥပဒေ အရ ဖွဲ့စည်းသည့် တက္ကသိုလ်ကောင်စီကို ဆိုသည်၊

(ဂ) **ကျောင်း** ဆိုသည်မှာ အစိုးရကဖွင့်လှစ်သော ပန်တျာကျောင်းများနှင့် ပန်းချီပန်းပု ကျောင်းများကို ဆိုသည်။

## အခန်း(၂)
## တက္ကသိုလ်တည်ထောင်ခြင်း

၃။ ယဉ်ကျေးမှုတက္ကသိုလ်ကို ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စ၍ တည်ထောင် လိုက်သည်။

၄။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင် ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၅။ တက္ကသိုလ် တည်ထောင်သည့်အချိန်တွင် တည်ရှိနေသော ကျောင်းများသည် တက္ကသိုလ်နှင့် ပေါင်းကူးဆက်သွယ်သည့် ကျောင်းများဖြစ်သည်ဟု မှတ်ယူရမည်။

၆။ အစိုးရသည် တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့် ယဉ်ကျေးမှုသိပ္ပံနှင့် ကျောင်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

## အခန်း(၃)

## တက္ကသိုလ်၏ရည်မှန်းချက်များ

၇။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားရေးတို့ကို ဆောင်ရွက်ရန်၊

(ခ) မြန်မာ့သုခုမ အနုပညာတိုးတက်ပြန့်ပွားရေးနှင့် ထူးချွန်သော အနုပညာရှင်များ ပေါ်ထွန်းရေးတို့အတွက် သုတေသနနှင့် လေ့ကျင့်ပျိုးထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို တက္ကသိုလ်၊ ယဉ်ကျေးမှုသိပ္ပံနှင့်ကျောင်းများတွင် သင်ကြားပို့ချရန်၊

(ဃ) ပြည်ထောင်စုစိတ်ဓာတ်နှင့်မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို အထောက် အကူပြုရန်၊

(င) အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော အနုပညာရှင်ကောင်းများ မွေးထုတ် ပေးရန်။

## အခန်း(၄)

## ကောင်စီဖွဲ့စည်းခြင်း

၈။ အစိုးရသည် တက္ကသိုလ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကောင်စီကို အောက်ပါပုဂ္ဂိုလ်များ ဖြင့် ဖွဲ့စည်းရမည်-

(က) ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဥက္ကဋ္ဌ

(ခ) သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ကောင်စီဝင်များ

(ဂ) ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ကောင်စီဝင်များ

(ဃ) သင့်လျော်သောနိုင်ငံသားများ ကောင်စီဝင်များ

(င) ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန အတွင်းရေးမှူး

၉။ အစိုးရသည် လိုအပ်လျှင် ကောင်စီ၏ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

၁၀။ ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

## အခန်း(၅)

## ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တက္ကသိုလ် ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) တက္ကသိုလ် ပညာရေးနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ခြင်း၊

(ဂ) တက္ကသိုလ်က အပ်နှင်းမည့် ဘွဲ့၊ ဒီပလိုမာနှင့် တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ သတ်မှတ်ခြင်း၊

(ဃ) တက္ကသိုလ်တွင် လက်ခံသင်ကြားမည့်ကျောင်းသားဦးရေ သတ်မှတ်ခြင်း၊

(င) တက္ကသိုလ်ဝင်ခွင့် အရည်အချင်းသတ်မှတ်ခြင်း၊

(စ) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်သည့်ဆရာများ၏ အရည်အချင်းသတ်မှတ်ခြင်း၊

(ဆ) တက္ကသိုလ်၏စီမံခန့်ခွဲရေးလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း၊

(ဇ) တက္ကသိုလ်စာမေးပွဲများ ကျင်းပရေးနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဈ) တက္ကသိုလ်အတွက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီရေးဆွဲ၍အတည်ပြုထားရှိခြင်း၊

(ည) လိုအပ်သော ကျွမ်းကျင်မှု အကူအညီနှင့် အခြားအကူအညီများကို အစိုးရဌာန အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့ အစည်းများထံမှ ရယူခြင်း၊

(ဎ) တက္ကသိုလ်ပါမောက္ခချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသတ်မှတ်ပေးခြင်း။

**အခန်း(၆)**

**ပညာရေးအဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁၂။ တက္ကသိုလ်၏ ပညာသင်ကြားရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရန် ကောင်စီသည် အောက်ပါအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) တက္ကသိုလ်ပညာရေးအဖွဲ့၊

(ခ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့။

၁၃။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၁၄။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေး ရမည်။

၁၅။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့တွင် ပါဝင်သော ဝန်ထမ်း မဟုတ်သည့် အဖွဲ့ဝင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့် ရှိသည်။

**အခန်း(၇)**

**အထွေထွေ**

၁၆။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေအရ တည်ထောင် သည့်တက္ကသိုလ်သည် ဘွဲ့၊ ဒီပလိုမာနှင့် တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့် ရှိစေရမည်။

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ယဉ်ကျေးမှုဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များကိုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ကောင်စီတို့သည်လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင် သည်။